# Fourteenth Sunday in Ordinary Time

**1st READING:** ***Zechariah 9: 9-10***
**ဇာခရိအနာဂတ္တိကျမ်း။** ၁၁း ၁၈၊ ၂၆–၂၈၊ ၃၂

အိုဇိအုန်သတို့သမီး အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီးကြွေးကြော်လောတရားသဖြင့် စီရင်၍၊ ကယ်တင်ခြင်းသို့ရောက်သောသခင်သင်၏အရှင်မင်းကြီးသည်မြည်းမနှင့် မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့်သင်ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့။ ငါသည်ဖေရိမ်ပြည်၌ရထားကို ၎င်း၊ယေရုရှလင်မြို့၌၎င်းပယ်ဖျက်မည်။စစ်လေးကိုလည်းပယ်ဖျက်မည်။တပါးအမျိုးသားတို့သည်စစ်ငြိမ်းမည်အ ကြောင်းကိုထိုအရှင်သည်မိန့်တော်မူမည်။အာဏာတော်လည်းပင်လယ်တပါးမှသည်ပင်လယ်တပါးတိုင်အောင် ၎င်း။မြစ်မှသည်မြေကြီးစွန်းတိုင်အောင်၎င်းတည်လိမ့်မည်။

## Responsorial Psalm  Psalm  145: 1-2, 8-9, 10-11, 13-14

ဆာလံကျမ်း    ၁၄၅း ၁–၂၊  ၈–၉၊  ၁၀–၁၁၊ ၁၃–၁၄

၁–၂။ တပည့်တော်၏ဘုရားတပည့်တော်၏ဘုရင်၊ တပည့်တော်သည်ကိုယ်တော်ကိုချီးမြှောက်ပါမည်။ ကိုယ်တော်၏နာမတော်ကိုအစဉ်ကောင်းကြီးပေးပါမည်။ တပည့်တော်သည်နေ့စဉ်နေ့တိုင်းကိုယ်တော့်ကိုကောင်းကြီးပေးပါမည်။ ကာလအစဉ်အဆက်ကိုယ်တော်၏နာမတော်အားချီးမွမ်းထောမနာပြုပါမည်။

၈–၉။ ထာဝရဘုရားသည်ကျေးဇူးတော်နှင့်ပြည့်စုံတော်မူ၍သနားကရုဏာရှင်ဖြစ်တော်မူ၏။ ကိုယ်တော်သည်စိတ်ရှည်သည်းခံတော်မူ၍၊ ခိုင်မြဲသောကရုဏာမေတ္တာတော်နှင့်ကြွယ်ဝတော်မူ၏။ ကိုယ်တော်သည်လူအားလုံးအပေါ်ကောင်းမြတ်တော်မူ၍မိမိဖန်ဆင်းတော်မူသောအရာသတ္တဝါတို့အပေါ်သနားကြင်နာတော်မူ၏။

၁၀–၁၁။  အိုထာဝရဘုရား၊ ကိုယ်တော်ပြုတော်မူသမျှတို့သည်ကိုယ်တော့်ကိုချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ ကိုယ်တော်၏သူတော်သူမြတ်အပေါင်းတို့သည်ကိုယ်တော့်ကိုကောင်းကြီးမင်္ဂလာပေးကြပါလိမ့်မည်။သူတို့သည်ကိုယ်တော့်နိုင်ငံတော်၏ဘုန်းဂုဏ်တော်နှင့်ကိုယ်တော်၏တန်ခိုးတော်ကိုပြောကြားကြလိမ့်မည်။

၁၃–၁၄။ ကိုယ်တော်၏နိုင်ငံတော်သည်အစဉ်ထာဝရတည်ရှိသောနိုင်ငံတော်ဖြစ်၍ကိုယ်တော်၏ဘုန်းအာဏာတော်သည်လူမျိုးအစဉ်အဆက်တည်တော်မူပါ၏။ ထာဝရဘုရားသည်မိမိကတိတော်အားလုံး၌သစ္စာတည်တော်မူ၍မိမိပြုတော်မူသောအမှုတို့၌ကရုဏာမေတ္တာတော်ကိုပြတော်မူ၏။ ထာဝရဘုရားသည်ဒုက္ခရောက်နေသောသူတို့ကိုကူညီစောင်မတော်မူ၍၊ လဲကျသူတို့ကိုထူမပေးတော်မူ၏။

**2nd READING: Romans 8:9, 11-13**

ရောမသြဝါဒစာ **၈း ၉၊ ၁၁–၁၃**

သို့ရာတွင်ဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့၌အမှန်ပင်ကျိန်းဝပ်တော်မူသောကြောင့်သင်တို့သည်သွေးသားအလိုဘက်၌ရှိကြသည်မဟုတ်။ခရစ်တော်၏ဝိညာဉ်ကိုမပိုင်ဆိုင်သောသူသည်ခရစ်တော်နှင့်မသက်ဆိုင်။ထို့ပြင်သခင်ယေရှုခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့၌ကျိန်းဝပ်တော်မူလျှင်ခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောဘုရားသခင်သည်သင်တို့၌ကျိန်းဝပ်တော်မူသောထိုဝိညာဉ်တော်အားဖြင့်သင်တို့၏သေတတ်သောကိုယ်ခန္ဓာကိုလည်းအသက်ရှင်စေတော်မူလိမ့်မည်။သို့ဖြစ်လျှင်ညီအစ်ကိုတို့ငါတို့သည်သွေးသားကျွန်များမဟုတ်ကြသောကြောင့်သွေးသား၏အလိုသို့လိုက်ကျင့်ကြရမည်မဟုတ်။ ငါတို့သည်လူ့သွေးသားအလိုသို့လိုက်၍ပြုမူကျင့်ကြံပါကသေရကြလိမ့်မည်။ကိုယ်ကာယတပ်မက်ခြင်းအကျင့်များတို့ကိုဝိညာဉ်တော်အားဖြင့်သေစေကြလျှင်မူကားအသက်ရှင်ကြလိမ့်မည်။

**GOSPEL:** ***Matthew 11:25-30***
ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၁း ၂၅–၃၀**

ထိုအခါသခင်ယေရှုးမိန့်တော်မူသည်ကား၊မိုးနှင့်မြေကိုအစိုးရတော်မူသောအဖ၊ကိုယ်တော်သည်ပညာအလိမ္မာနှင့်ပြည့်စုံသောသူတို့အားဤအရာများကိုထိမ်ဝှက်ထားတော်မူလျှက်သူငယ်တို့အားဖော်ပြတော်မူသည်ဖြစ်၍ကျေးဇူးတော်ကိုချီးမွမ်းပါ၏။မှန်ပါ၏အဖ၊ ဤသည်ကားကိုယ်တော်၏မြတ်သောအလိုတော်ပေတည်း။ငါ၏ခမည်းတော်သည်ခပ်သိမ်းသောအရာတို့ကိုငါ့အားလွှဲအပ်တော်မူသည်။ခမည်းတော်မှတစ်ပါးမည်သူမျှသားတော်ကိုမသိ၊ခမည်းတော်ကိုလည်းသားတော်နှင့်သားတော်ဖော်ပြလိုသူများမှတစ်ပါးအခြားမည်သူမျှမသိ။ဝန်လေး၍ပင်ပန်းနွမ်းနယ်သောသူအပေါင်းတို့ငါ့ထံသို့လာကြလော၊ငါသည်သင်တို့ကိုအားဖြည့်လန်းဆန်းစေမည်။ငါ့ထမ်းပိုးကိုယူ၍ထမ်းကြလော့။ငါ့ထံမှသင်ယူကြလော့။အကြောင်းမူကား၊ငါသည်နူးညံ့သိမ်မွေ့၍နှိမ့်ချသောစိတ်နှလုံးရှိ၏။သင်တို့၏စိတ်နှလုံးသည်သက်သာရာရလိမ့်မည်။အကြောင်းမူကားငါ့ထမ်းပိုးသည်ထမ်းရလွယ်၏။ ငါ၏ဝန်သည်လည်းပေါ့၏ဟုမိန့်တော်မူ၏။